
ဘာသာပြန် စာရေးဆရာ - Anzy
ဆန်းကြယ်သော ကံကြမ္မာ
(နှင်းချန်း)
(Chapter 16B - 30)
စာစဉ် - ၂

## အခန်း ၁၆ (ခ)

## သီလရှင်ငယ်လေး အန်းယိ

သူ့ရဲ့ ရင်ဘတ်ကို ဓားနဲ့ထိုးပြီးသတ်ဖို့လုပ်ခဲ့တဲ့ ကုဖေးရဲ့ ဓာတ်ကွက်ကနေ ရှောင်နိုင်ခဲ့ပေမဲ့ ရခဲ့တဲ့ဒဏ်ရာတွေက အလွန်ပြင်းထန်နေပါတယ်။ သို့သော်လည်း သူ့မှာ အသက်ရှင်ဖို့ အတွက် ပြင်းပြတဲ့ ဆန္ဒရှိလို့ မြန်သထက်မြန်အောင် ဆက်ပြေးနေဆဲပါ။ ဒဏ်ရာတွေက နာနေတာကိုတောင် ဂရုမပြုဘဲ စိတ်ရှိသလောက်သာ ပြေးနေချင်ခဲ့ပါတယ်။ ချီစွမ်းအင်ကိုတောင် ခန္ဓာကိုယ်တစ်လျှောက် အပြင်းထန်ဆုံး စီးဆင်းစေပြီး သူ့သွေးတစ်စက်တောင် မကျစေဘဲ ဆက်ပြေးပါတယ်။

***

ကုယွမ်မင်း သူ့ခြေထောက်အောက်က သွေးအိုင်ကိုတွေ့တော့ လိုက်နေရာ ကရပ်လိုက်ပါတယ်။ သူရောက်လာတဲ့ နေရာမှာ လူနှစ်ယောက် တိုက်ပွဲအဆုံးသတ်သွားတာ ထင်ရှားပါတယ်။ မြေပြင်ပေါ်မှာ ပျက်စီးနေတဲ့ အဝတ်စအချို့တောင် ပြန့်ကျဲနေပါတယ်။ အဝတ်အပိုင်းအစတွေက သွေးတွေစိုရွှဲနေပေမဲ့ ကုဖေးအဝတ်မဟုတ်ဘဲ နင်းချန်းအဝတ်ဖြစ်ကြောင်း သူသိပါတယ်။

ကုယွမ်မင်း ကျေနပ်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သွေးစက်တွေ ပျောက်ကွယ်သွားရာ တစ်လျှောက်ကို ကြည့်ပြီး သူရပ်တန့်လိုက်ပါတယ်။ သွေးစက်တွေ ဘာလို့ ပြန့်ကျဲနေသလဲ သူသိပါတယ်။ နင်းချန်းလွတ်မြောက်သွားတာ မဖြစ်နိုင်ဘဲ ကုဖေးက နင်းချန်းကို ကစားချင်လို့ တမင်အလွတ်

ပေးပြီးမှ ကုယွမ်မင်းတွေးထားသလို တဖြည်းဖြည်းချင်း နှိပ်စက်ပြီး သတ်လိုက်တာ ဖြစ်မယ်လို့ သူတွေးနေပါတယ်။

အဲဒီလိုထင်သွားပြီး နောက်မှာ ကုယွမ်မင်း မပြေးတော့ဘဲ သွေးစက်တွေစင်ထားတဲ့ လမ်းတစ်လျှောက်အတိုင်း ပုံမှန်လမ်းလျှောက်ပြီး သွားလိုက်ပါတယ်။ ဘေးပတ်ဝန်းကျင်ကိုတောင် မစစ်ဆေးတော့ပါဘူး။ သူ့ရဲ့ ကျင့်ကြံမှုနဲ့ သူသာ အနည်းငယ် ပိုပြီးဂရုတစိုက် ကြည့်မယ်ဆိုရင် နင်းချန်းလမ်းကြောင်းလွဲသွားတာကို သူသေချာပေါက် ရှာတွေ့မှာပါ။ ဒါပေမဲ့ အခုတော့ သူအဲဒီလိုတောင် လုံးဝမတွေးခဲ့မိပါဘူး။ သို့သော်လည်း သူသိထားတဲ့အတိုင်း နင်းချန်းက ချီပထမအဆင့်ဖြစ်ပြီး ကုဖေးက ချီတတိယအဆင့်မှာမို့ သူဘယ်လိုလုပ်ပြီး လမ်းကြောင်းပြောင်းမယ်လို့ တွေးမိမှာလဲ။ အကယ်၍ တွေးမိမယ်ဆိုရင်လည်း အတော်လေး ထူးဆန်းနေမှာပါ။

နင်းချန်း ပြင်းထန်စွာပြေးနေရင်း ခေါင်းတွေမူးနောက်လာပါတယ်။ အမွှေးတိုင်တစ်တိုင်ထွန်းစာလောက် အချိန်ကြာပြီးနောက်မှာ နင်းချန်းမျက်လုံးတွေ ပြာဝေလာပါတယ်။ သူ့ခန္ဓာကိုယ်ကို ပြင်းထန်တဲ့အတိုင်းအတာတစ်ခုအထိ ဖိအားပေးခဲ့မိတာ နင်းချန်း သိလာပါတယ်။ သူလုံးဝအန္တရာယ် မကင်းသေးတာ ကောင်းစွာသတိပြုမိပါတယ်။ အချိန်နည်းနည်းကြာရက် ကုယွမ်မင်း သူ့ကို ရှာတွေ့သွားနိုင်တာ သူသေချာသိပါတယ်။

"ဘမ်း"

နင်းချန်း အနည်းငယ် ယိမ်းယိုင်သွားပါတယ်။ သူကျောက်တုံးတစ်ခုကို ခလုတ်တိုက်မိပြီး လမ်းဘေးကမြောင်းထဲသို့ လဲကျသွားပါတော့တယ်။ နင်းချန်း နဂိုကမှ ခေါင်းထဲ ရိပ်တိတ်တိတ် ဖြစ်နေတုန်း အေးစက်နေတဲ့ရေမြောင်းထဲကို ကျသွားတဲ့ အခါမှာတော့ အရက်မူးသလို ရီဝေသွားပါတယ်။ သူအလျင်အမြန်ပဲ လမ်းရဲ့ဘေးက ပေါင်းပင်တွေကို ဆွဲကိုင်ပြီး

ဆက်ပြေးဖို့အတွက် ကုပ်တွယ်ပြီးတက်နေပါတယ်။ ဒါပေမဲ့ ဆီလုံး၀ ကုန်သွားတဲ့ မီးခွက်တစ်ခုလိုပဲ သူအားလုံး၀မရှိတော့ပါဘူး။ အနည်းငယ်သာ ကြိုးပမ်းအားထုတ်လိုက်နိုင်ပြီး ရေထဲကို တစ်ခါထပ်ပြီး ပြန်ကျသွားပါတယ်။

ဒါပေမဲ့ အသက်ရှင်ဖို့ ပြင်းပြတဲ့ဆန္ဒက နင်းချုန်းကို မြောင်းအစွန်းက မြက်ပင်တွေကို တစ်ခါထပ်ပြီး ဖမ်းဆုပ်မိစေပါတယ်။ နင်းချုန်း အားကြိုးမာန်တက် ရေမြောင်းကနေ ပြန်တက်လာအပြီးမှာတော့ ကြီးမား ပြီး ဆယ်ပေလောက်ရှိမဲ့ မြွေကြီးတစ်ကောင် သူ့ဆီ အလျင်အမြန်ချဉ်းကပ် လာတာ သူတွေ့လိုက်ပါတယ်။

နင်းချုန်း မြွေနဂါးရဲ့ အစိမ်းရောင်မျက်လုံးတွေကို တွေ့တော့ စိတ်ပျက် အားလျော့သွားပါတယ်။ သူ့စိတ်အတိုင်း ဘာမှလုပ်လို့မရပါဘူး။ အကယ်၍ ဒီနေရာမှာ ကျောင်းသားတစ်ယောက်ဆိုရင် အနည်းဆုံးတော့ အသက် ချမ်းသာပေးဖို့ တောင်းပန်လို့ရဦးမယ်။ ဒီလိုလျင်မြန်တဲ့ မြွေနားကနေတော့ သူဘယ်လိုမှ ပြေးလို့လွတ်နိုင်မှာ မဟုတ်ပါဘူး။

မြွေကြီးကို ကြည့်ရင်း သူ့တစ်ကိုယ်လုံးကိုတောင် မျိုပစ်နိုင်တယ်လို့ နင်း ချုန်း တွေးနေမိပါတယ်။ ချက်ချင်းပဲ သူ့ရဲ့ ခါးပတ်ကြိုးကို ဖြုတ်လိုက်ပြီး သူ့ အနားကပ်လာတဲ့ မြွေကို ရှိသမျှအားနဲ့ လှမ်းရိုက်ပစ်လိုက်တဲ့အခါမှာ ထို မြွေ ခပ်ဝေးဝေးသို့လွင့်ထွက်သွားပါတယ်။ အဲဒီနောက်မှာတော့ သူရန်မူဖို့ ခက်ခဲတာသိသွားပြီး နင်းချုန်းအနား ပြန်မကပ်ရဲတော့ဘဲ အလျင်အမြန် ပျောက်ကွယ်သွားပါတော့တယ်။

နင်းချုန်း စိတ်အေးသွားပါတယ်။ ထို့နောက် အပြာရင့်ရောင် ဝတ်ရုံဝတ် ထားတဲ့ သီလရှင်ငယ်လေးတစ်ယောက် ကျောက်တုံးတစ်တုံးပေါ်မှာ ထိုင် နေတာ သူတွေ့လိုက်ပါတယ်။ ထိုသီလရှင်ငယ်လေးဟာ နှိုင်းမရအောင်

လှပပြီး သူမလက်မှာ မီးလောင်ဒဏ်ရာ အနည်းငယ်ရှိနေပါတယ်။ ဒါပေမဲ့ မမျှော်လင့်ဘဲ သူမက ချီစုဆောင်းမှု တတိယအဆင့်မှာ ရောက်နေတာကို လည်း တွေ့လိုက်ရပါတယ်။ အဲဒီတစ်ခဏမှာ သူမမျက်လုံးတွေပွင့်လာပြီး နင်းချန်းကို သူမရဲ့ ဝိုင်းစက်တဲ့မျက်လုံးတွေနဲ့ ဂရုတစိုက်ကြည့်လိုက်ပါ တယ်။ အနည်းငယ် တုံ့ဆိုင်းနေပြီးနောက် သူမ မဝံ့မရဲနဲ့ မေးလိုက်ပါတယ်။

"နင်အဆင်ပြေရဲ့လား "

နင်းချန်း အတော်လေး သုန်မှုန်စွာနဲ့ သီလရှင်ငယ်လေးကိုကြည့်ပြီး ပြော လိုက်ပါတယ်။

"ဆရာငယ်လေး ငါ့ပုံစံက ဘာမှမလုပ်နိုင်တဲ့လူတစ်ယောက်နဲ့ တူနေ လား"

နင်းချန်း သူမကို ဆရာငယ်လေးလို့ ခေါ်တာကြားတော့ သူမမျက်နှာ နီရဲ လာပါတယ်။ နင်းချန်းဆီအမြန်လာလိုက်ပြီး ဆွဲထူပေးလိုက်ပါတယ်။ ထို့နောက် သူမ ထစ်ငေါ့စွာနဲ့နင်းချန်းကိုပြောလိုက်ပါတယ်။

"ငါက ဆရာငယ်လေး မဟုတ်ဘူး၊ နင် ....."

သီလရှင်လေးက သူမက ဆရာငယ်လေးမဟုတ်ကြောင်း ငြင်းနေတာ ကြောင့် နင်းချန်း အချိန်မဖြုန်းချင်ဘဲ ချက်ချင်းပြောလိုက်ပါတယ်။

"မင်းငါ့ကို အခွင့်အရေး တစ်ခုပေးပါလား၊ ဒီနေရာက လွတ်မြောက် အောင် ငါ့ကို ကူညီနိုင်မလား၊ လူတစ်ယောက် ငါ့ကို သတ်ဖို့ ကြိုးစားနေလို့ ပါ"

"ဘာလို့လဲ"

သီလရှင်ငယ်လေး နင်းချန်းရဲ့ ပြဿနာကို စိုးရိမ်တကြီးနဲ့ စပ်စုလိုက်ပါ တယ်။

ဘာလို့လဲ မေးနေရမဲ့ အချိန်မဟုတ်ဘူးလို့ နင်းချန်း ပြောချင်ပေမဲ့ သူ ပတ်ဝန်းကျင်ကို ပိုသတိထားလာမိပြီး အားနည်းနေတဲ့ အသံနဲ့ ရိုးရှင်းစွာ ပြောလိုက်ပါတယ်။

"ချီစုဆောင်းမှု နောက်ဆုံးအဆင့်ရှိတဲ့ ဓားပြတွေက သီလရှင်ငယ်လေး တစ်ယောက်ကို သူတို့ရဲ့ ကိုယ်လုပ်တော် ဖြစ်အောင်လုပ်ဖို့ ကြိုးစားနေတာ ငါမြင်ခဲ့တယ်၊ ငါ သီလရှင်လေးကို ကယ်လိုက်နိုင်ပေမဲ့ နောက်ကျတော့ ဓားပြတွေအများကြီးရောက်လာပြီး ငါ့ကို သတ်ဖို့ လုပ်ကြတယ်လေ၊ မကြာခင်ပဲ သူတို့ ......"

"ကိုယ်လုပ်တော်က ဘာလဲ"

"လက်ထပ်ပြီးသား လူတစ်ယောက်ကို လက်ထပ်တဲ့ မိန်းမတစ်ယောက်ပေါ့"

သီလရှင်လေး အသေအချာနားထောင်နေပါတယ်။ ချီစုဆောင်းတဲ့ ဓားပြတွေက သီလရှင်တွေကိုဖမ်းပြီး သူတို့ရဲ့ ကိုယ်လုပ်တော်လုပ်ဖို့ ကြိုးစားနေကြတယ်တဲ့။ သူမလည်း သီလရှင်တစ်ယောက်ပဲ မဟုတ်လား။ အခြေအနေကို နားလည်သွားပြီး သူမဘာမှထပ်မမေးတော့ဘဲ နင်းချန်းကို အမြန် တွဲထူလိုက်ပါတယ်။ နင်းချန်းလည်း သူ့တစ်ကိုယ်လုံး ရေတွေ ရွှဲစိုနေတာကို သတိမထားမိခဲ့ပါဘူး။

နင်းချန်း စိတ်သက်သာရာရသွားပါတယ်။ အားအနည်းငယ် စုပြီး သူပြောလိုက်ပါတယ်။

"ဓားပြတွေက ကန်လီမြို့နဲ့ ပူးပေါင်းနေတာ၊ ဝေးဝေးသွားလေ ပိုကောင်းလေ ......"

စကားဆုံးသွားပါတယ်။ နောက်ဆုံးတော့ နင်းချန်း စိတ်သက်သာရာရပြီး

မှုးလဲသွားပါတော့တယ်။

***

ကုယွမ်မင်း ရပ်လိုက်ပါတယ်။ တစ်ခုခုတော့ မှားနေပြီလို့ သူခံစားနေမိတယ်။ သူလမ်းတစ်လျှောက်လုံး လိုက်လာခဲ့ပေမဲ့ သွေးစက်တွေထပ်ပြီး မတွေ့ရတော့ပါဘူး။ ဒ့ါအပြင် သူတို့ရဲ့ ကျန်ရှိတဲ့လက္ခဏာဘာတစ်ခုမှ ထပ်မတွေ့တော့ပါဘူး။

သူတစ်ခေါက်ပြန်လှည့်ပြီး သွေးစက်တွေအတိုင်း ပြန်လှည့်သွားလိုက်ပါတယ်။ တစ်နေရာ အရောက်မှာ သူရပ်လိုက်ပြီး ခါးကိုင်းပြီး အသေချာကြည့်တဲ့အခါမှာ ရုတ်တရက် သူ့စိတ်ထဲမှာ ခါးသက်မှုတချို့ ခံစားလိုက်ရပါတယ်။ သွေးစက်တွေက ဒီနေရာမှာ ရုတ်ခြည်း ရပ်တန့်သွားပြီး ဘာလက္ခဏာမှ မရှိတော့ဘူးဆိုတော့ သူတို့တွေလေထဲကို ပျောက်သွားတာများလား။

ကုယွမ်မင်း စိတ်တွေ အတော်လေး လှုပ်ရှားသွားကာ အမြန်ပြန်လှည့်ပြီး သွေးစက်တွေရှိတဲ့ နေရာတစ်လျှောက်ကို တစ်ခေါက်ထပ်ပြီး လမ်းလျှောက်ကြည့်လိုက်ပါတယ်။ နင်းချန်းဆီကကျခဲ့တဲ့ ပြန့်ကျဲနေတဲ့ အဝတ်အပိုင်းအစတွေကို သေချာကြည့်ပြီးနောက်မှာ ဘေးပတ်ဝန်းကျင်ကိုလည်း အချိန်အတော်ကြာ ထပ်ပြီးကြည့်လိုက်ပါတယ်။ ချက်ချင်းပဲ သူ့မျက်လုံးတွေကို မှိတ်ပြီး ခဏလောက် တွေးဆကြည့်လိုက်ပါတယ်။ သူ့မျက်လုံးတွေ ပြန်ဖွင့်ပြီးနောက်မှာတော့ လမ်းကြောင်းတစ်ခုရွေးကာ ထိုလမ်းကြောင်းအတိုင်း အမြန်ပြေးပါတော့တယ်။

အမွေးတိုင် တစ်ဝက်စာထွန်းပြီးတဲ့ အချိန်လောက်မှာ သူတစ်ခေါက်ထပ်ပြီး ရပ်လိုက်ပါတယ်။ ထို့နောက် လမ်းရဲ့ဘေးက ရေကန်တိမ်တိမ်ကလေးကို သူစိုက်ကြည့်လိုက်ပါတယ်။ တအောင့်လောက်နေတော့ ရေကန်ရဲ့

အလယ်ကို ခုန်ချလိုက်ပြီး ချက်ချင်းပဲ မီးကျွမ်းနေတဲ့ အလောင်းကို ဆွဲယူလိုက်ပါတယ်။

အလောင်းကိုဆွဲလိုက်တဲ့အချိန်မှာပဲ အလောင်းဟာ နင်းချန်းရဲ့အလောင်း မဟုတ်ဘဲ သူ့ညီ ကုဖေးရဲ့အလောင်းဖြစ်နေတာကိုသူသေချာ သိလိုက်ပါတယ်။

ကုယွမ်မင်း ဒေါသတွေထွက်ပြီး မျက်လုံးတွေနီလာပါတယ်။ ကြောက်မက်ဖွယ် လူသတ်ချင်တဲ့ အငွေ့အသက်တွေ သူ့စိတ်ထဲ အပြည့်ဖြစ်သွားပါတယ်။

ကုယွမ်မင်း ရေကန်ထဲမှာပဲ မတ်တတ်ရပ်နေဆဲဆိုတာ သူ့ကိုယ်သူမေ့သွားပါတယ်။ စိတ်ထဲမှာ ဒေါသတွေအပြည့်နဲ့ ရှုးလောက်တဲ့တုန်လှုပ်မှုကြီး တစ်ခုကို ခံစားလိုက်ရပြီး ရေထဲကို လဲကျသွားခဲ့ပါတယ်။

ဒါပေမဲ့ ရုတ်တရက် သူ ကန်ထဲကနေ ကုန်းပေါ်ကို ခုန်တက်လိုက်ပြီး ရင်ထဲမှာ စိုးနင့်စွာနဲ့ အော်ပြောလိုက်ပါတယ်။

"နင်းချန်း ...ငါ ကုယွမ်မင်း ပြောရဲတယ်၊ ငါမင်းကို မသတ်ရဘဲ လုံးဝမသေဘူး ......"

ဒီဖြစ်ရပ်ကတော့ လုံးဝမမျှော်လင့်ထားသလိုပါပဲ။ ချီတတိယအဆင့်ရှိတဲ့ သူ့ညီဟာ ချီပထမအဆင့်က နင်းချန်းသတ်တာခံလိုက်ရမယ်ဆိုတဲ့ အဆုံးသတ်မျိုး သူလုံးဝ မျှော်လင့်မထားပါဘူး။ ဒါလုံးဝမဖြစ်နိုင်ပါဘူး။ နင်းခန်းကိုတစ်ယောက်ယောက် ကူညီလိုက်တာပဲ ဖြစ်ရပါမယ်။ အဲဒီလိုသာမဟုတ်ရင် ချီတတိယအဆင့်က ကုဖေးကို သူဘယ်လိုလုပ်ပြီး ခုခံနိုင်မှာလဲ။

ဘာပဲဖြစ်ဖြစ် ကုဖေးကတော့ နင်းချန်းကြောင့် သေသွားခဲ့ပါပြီ။

***

နင်းချန်း ညပိုင်းမှာ နိုးထလာခဲ့ပါတယ်။ အမျိုးအမည် မသိတဲ့ အသံတွေနဲ့ ညဇီးကွက်ရဲ့ စူးစူးဝါးဝါး အော်သံတွေဟာ အမှောင်ထဲမှာ သူ့အတွက် အတော်လေး ကြောက်မက်ဖွယ် ကောင်းနေပါတယ်။ သူ့ဘေးမှာ အမှောင်ထုအပြည့်ဖြစ်နေပြီး သူ့အောက်က အေးစက်မာကျောတဲ့ အရာကိုသာ သူ ခံစားမိလိုက်ပါတယ်။

ဒါ ဘယ်နေရာလဲ။ ငါသေပြီး ငရဲကို ရောက်နေတာများလား။ နင်းချန်း ပတ်ဝန်းကျင်ကို သူ့လက်နဲ့ စမ်းကြည့်လိုက်တော့ မာကျောပြီးအေးခဲနေတဲ့ ကျောက်တုံးတွေရှိနေတာ သူ ခံစားလိုက်မိပါတယ်။

"နင်နိုးနေတာလား"

နင်းချန်း သူ့ကိုယ်သူ သေတာလား မသေတာလား ခန့်မှန်းကြည့်နေတုန်း သီလရှင်ငယ်လေးရဲ့ အသံချက်ချင်းထွက်လာပါတယ်။ သီလရှင်ငယ်လေးဟာ မမျှော်လင့်ဘဲ သူ့ဘေးမှာ ရှိနေပါတယ်။

အဲဒီအချိန်မှာ နင်းချန်း အနံ့သင်းသင်းလေး တစ်ခုရလိုက်ပါတယ်။ ထို့နောက် ချက်ချင်းစိတ်သက်သာရာရသွားပြီး...

"ကျေးဇူးပါ ဆရာငယ်လေး၊ သီလရှင်တွေလည်း သူတို့ ခန္ဓာကိုယ်မှာ ဒီလို ရနံ့မျိုး သုံးရတာ ကြိုက်လိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး"

စိတ်သက်သာရာရစေဖို့နဲ့ သူအသက်ဆက်ရှင် နေတာကြောင့် ပျော်ရွှင်တဲ့ အနေနဲ့ ထိုစကားကို ပြောလိုက်ပါတယ်။ သူမသေဘူး၊ ဟုတ်တာပေ့ါ၊ နင်းချန်း ငရဲကို မသွားချင်ခဲ့ဘူးလေ။ သူသေပြီးရင် သူ့ကမ္ဘာဆီပြန်သွားနိုင်မယ်လို့ ထင်ခဲ့ပေမဲ့ တကယ်တမ်းကျတော့ သူ့ကိုယ်သူ လှည့်စားနေခဲ့မိကြောင်း သိလိုက်ပါတယ်။ သူဒီနေရာမှာ ပြန်လည်မွေးဖွားလာရတာက အဝါရောင်

အလင်းတန်းကြောင့်ဆိုတာ ဖြစ်နိုင်ချေများပါတယ်။ ဒီလိုဘဝမျိုးမှာ အသေခံပြီးတော့ သူဘာကိုမှ မစွန့်စားချင်ပါဘူး။

"ငါ မဟုတ်၊ အာ ....."

သီလရှင်ငယ်လေးရဲ့ မဝံ့မရဲအသံ ထပ်ပြီး ထွက်ပေါ်လာပါတယ်။

နင်းချန်း ရုတ်တရက် ပြန်မှတ်မိသွားပါတယ်။ ဒီလိုအနံ့မျိုး ကျန်းမူဝမ်ဆီကနေလည်း တစ်ခါတစ်ရံ ရခဲ့ဖူးပါတယ်။ ကျန်းမူဝမ် ရေမွှေးသုံးရတာ လုံးဝမကြိုက်ပါဘူး။ ဒါကြောင့် ထိုအနံ့က သူမရဲ့ ကိုယ်သင်းနံ့ ဆိုတာ အသေအချာပါပဲ။ ထိုအကြောင်းတွေးနေရင်း နင်းချန်း အမြန်ပဲ စကားလမ်းကြောင်းပြောင်းလိုက်ပါတယ်။

"ဆရာငယ်လေး၊ ဒီနေရာမှာ ညဇီးကွက်နဲ့ သားရဲကောင်အသံတွေကြားနေရတယ်နော် ငါတို့ ' တ အန် ' တောထဲမှာများလား"

"ငါက အန်းယိ၊ ဆရာငယ်လေးမဟုတ်ဘူး"

သီလရှင်ငယ်လေး သူမနာမည်ကိုပြောပြပြီးနောက် ထပ်ပြီး ရှင်းပြလိုက်ပါတယ်။

"ဒါ 'တအန်' တောမဟုတ်ဘူး၊ ဒီကနေ 'တအန်' တောကိုဆိုရင် သားရဲကောင်စီးသွားမယ်ဆိုရင်တောင် လပေါင်းများစွာကြာလိမ့်မယ်၊ ဒါတောင် အများကြီး ဝေးနေသေးတယ်"

နင်းချန်း စကားအနည်းငယ်ပြောပြီးတော့ အန်းယိရဲ့ပုံစံက သဘာဝအတိုင်းပဲ ဖြစ်လာပါတယ်။ မဝံ့မရဲဖြစ်နေတဲ့ ပုံစံမျိုး မရှိတော့ပါဘူး။

နင်းချန်း သူ့ဒဏ်ရာတွေ အများကြီး ပြန်ကောင်းလာတာ အာရုံခံမိလိုက်ပါတယ်။ အန်းယိ သူ့ကို ကုပေးထားတာ ဖြစ်မယ်လို့ တွေးလိုက်ပြီး ချက်ချင်း ပြောလိုက်ပါတယ်။

"အန်းယိ ... ငါက နင်းချန်းလို့ ခေါ်ပါတယ်၊ ငါ့ကို ကယ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ နင်သာ မရှိရင် ငါ အစောကြီးကတည်းက သေသွားလောက်ပြီ၊ အရင်က ဓားပြတွေ သီလရှင်တွေကို ဖမ်းတယ်လို့ ငါ ပြောခဲ့မိတာက ငါ နင့်ကို ညာခဲ့မိတာပါ၊ အဲဒီအတွက် ငါနင့်ကို တောင်းပန်ပါတယ်"

အန်းယိ အနည်းငယ် ပြုံးလိုက်ပြီး

"ငါသိပါတယ်၊ ငါက အရမ်းအတာပါ၊ အဲဒီအခြေအနေမှာ ငါ့အတွက် တောင် မသိတော့ဘူး၊ အဲဒီအချိန်တုန်းက ငါနင့်ကို မေးခွန်းတွေမေးမဲ့ အစား ချက်ချင်းလွတ်မြောက်ဖို့ လုပ်ခဲ့ရမှာကို"

"စားစရာတစ်ခုခု ရှိလား "

ကျင့်ကြံမှု မျှော်စင်ကနေထွက်လာကတည်းက ခက်ခဲတဲ့အခြေအနေတွေ တစ်ခုပြီးတစ်ခု ဆက်တိုက် ကြုံခဲ့ရပါတယ်။ အဲဒီနောက်မှာ တစ်လျှောက်လုံး ပြေးလွှားနေခဲ့ရလို့ သူအရမ်းကို ဆာလောင်နေပါပြီ။ အခုတော့ အန္တရာယ်ကင်းသွားပြီမို့ ရုတ်တရက် သူ ဆာလောင်မွတ်သိပ်တဲ့ ဒဏ်ကို သည်းမခံနိုင်တော့ပါဘူး။

အန်းယိ ဂျုံနဲ့လုပ်တဲ့ ကိတ်မုန့်နှစ်ခု ထုတ်ပြီး နင်းချန်းကို ပေးလိုက်ပါတယ်။

"ငါ့မှာ ကိတ်မုန့်တွေ အများကြီးရှိတယ်၊ နင်စားလို့ ရပါတယ်"

နင်းချန်း တစ်ခဏချင်းမှာပဲ ကိတ်နှစ်ခုလုံးကို မျိုချပြီး အန်းယိရဲ့ ရေဘူးထဲက ရေကို သောက်ပြီး အသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။

"အန်းယိ နင် ဘယ်ကနေလာတာလဲ။ ဒီလိုဒေသမျိုးမှာ နင် ဘယ်လိုလုပ်ပြီး ပေါ်လာရတာလဲ"

နင်းချန်းရဲ့ မေးခွန်းကိုကြားတော့ အန်းယိပုံစံက ချက်ချင်း ဝမ်းနည်းတဲ့ အသွင်ကို ပြောင်းသွားပါတယ်။ နင်းချန်း မမြင်ရပေမဲ့ အန်းယိရဲ့ အပြုအမူ ပြောင်းလဲသွားတာကို သူ ခံစားမိပါတယ်။

"ပြောဖို့ အဆင်မပြေရင် မပြောတာ ပိုကောင်းပါတယ်၊ လူတစ်ယောက်ရဲ့ ဘဝမှာ ပြောရခက်တဲ့ ကိစ္စတွေက ရှောင်လွှဲလို့ မရဘဲ ရှိလာတတ်တာပဲ လေ၊ ငါလည်း အတူတူပဲ၊ အရင်က ငါလူတစ်ယောက်ကို ကယ်ဖူးတယ်၊ အဲဒီတစ်ချိန်တုန်းက တောင်တန်းဒေသတစ်ခုမှာ ကျောင်းသားတွေအများ ကြီးရှိခဲ့တယ်၊ တောင်တွေထဲကနေ ရုတ်တရက် ရေတွေထွက်လာပြီး ရေကြီးတဲ့အချိန်မှာ သူတို့တွေက ရိုးရာသီချင်းတွေကို စုဆောင်းနေခဲ့ကြ တယ်၊ အဲဒီတုန်းက ငါ မိန်းကလေးတစ်ယောက်ကို ကယ်ခဲ့တယ်၊ အဲဒီ နောက် ငါတို့ သူငယ်ချင်းတွေဖြစ်လာခဲ့ကြတယ်၊ ဒါပေမဲ့ ငါ့မှာ သူ့ကို မ ပြောပြနိုင်ခဲ့တဲ့ ကိစ္စတွေ အများကြီးရှိခဲ့တယ်၊ သူမမှာလည်း ငါ့ကို မပြောပြ နိုင်တဲ့ကိစ္စတွေရှိခဲ့တယ်၊ ဒါတွေက သာမန်ပါပဲ၊ နင် စိတ်ထဲမှာပဲ ထားဖို့လို တာပါ"

ဒီသီလရှင်ငယ်လေးက အရမ်းရိုးစင်းပြီး ဖြူစင်တာ နင်းချန်းသိပြီးသား ပါ။ ဒီနေရာမှာ သူမ တစ်ယောက်တည်း ရှင်သန်နေနိုင်တာ တခြားလူတစ် ယောက်အတွက်တော့ အံ့သြစရာပါပဲ။

အန်းယိ သူမရဲ့ ဝိုင်းစက်တဲ့ မျက်လုံးတွေကို မျက်တောင်ခတ်ရင်း မေး လိုက်ပါတယ်။

"နင်းချန်း ရိုးရာသီချင်းစုဆောင်းတယ်ဆိုတာ ဘာလဲဟင်"

"ရိုးရာသီချင်း စုဆောင်းတာ ......"

နင်းချန်း ပြောလို့ အဆင်ပြေမဲ့ အရာကို စဉ်းစားနေရင်း....

"အဲဒါက ဘာမှမလုပ်ပဲ စိတ်ကျေနပ်တဲ့အထိ စားနေတာမျိုး၊ ပြီးတော့ လက်တွေ့မကျတဲ့ အရာတစ်ခုလုပ်ဖို့ ရှာနေတာမျိုး၊ ပြောရမယ်ဆိုရင် ပျော်စရာကောင်းတဲ့ နေရာတစ်ခုကို သွားချင်လို့ ပုံမှန်မဟုတ်တဲ့ အကြောင်းပြချက်တစ်ခုရှာတာမျိုးပေါ့၊ ဒါပါပဲ"

"ငါ ရိုးရာသီချင်း စုဆောင်းတဲ့သူမဟုတ်ဘူး၊ ငါအမြဲ ငါ့ဆရာနဲ့ အတူနေခဲ့တယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ ငါ့ဆရာကို ငါ ခွဲခွာလာခဲ့တယ်၊ ငါ့ဆရာကို ငါ နောက်ထပ်နှစ်ပေါင်းများစွာ အသက်ရှင်နေစေဖို့ ဆေးမြစ်ပင်တချို့ ငါ ရှာချင်ခဲ့တာ"

အန်းယိ သူ့ဆရာနဲ့ ခွဲရတဲ့ အကြောင်းပြောတော့ သူမ အသံက ထပ်ပြီး ဝမ်းနည်းလာပါတယ်။

နင်းချန်း ထူးဆန်းတယ်လို့ မထင်မိပါဘူး။ ချီတတိယအဆင့်ရှိတဲ့ သီလရှင်ငယ်လေးက သူ့မှာ ဆရာမရှိဘူးဆိုရင် အံ့သြစရာကောင်းမှာပေါ့။

***